# Yoma Bulletin

ရိုးမ သတင်းစဉ်

Group Bi-weekly highlights

## We Want to Keep Engaging with You

COVID-19 is here to stay. As the work from home period is extended, we would like to encourage everyone to stay engaged with Yoma family. Below is a snapshot of key groupwide events we had this week and in the coming week. Stay tuned on Yoma Connect for important announcements, activities on Workplace and bi-weekly summary on Yoma Bulletin.

### ဝန်ထမ်းများနှင့် အမြဲဆက်သွယ်မှုရှိစေရန်

COVID-19ကြောင့်နေအိမ်မှာနေ၍အလုပ်လုပ်ခြင်းကိုဆက်လက်လုပ်ဆောင်သွားမှာဖြစ်သည့်အတွက် ရိုးမမိသားစုဝင် အချင်းချင်း ဆက်သွယ်မှုရှိစေလိုပါသည်။ လုပ်ငန်းစုအတွင်း ယခုအပတ်နှင့် နောက်အပတ်တွင် ပြုလုပ်သွားမည့် အစီအစဉ်များကို အောက်တွင် ဖော်ပြပေးလိုက်ပါသည်။ Yoma Connect တွင် အရေးကြီးထုတ်ပြန်ချက်များ၊ Workplace ပေါ်တွင် လှုပ်ရှားမှုများအပြင် ရိုးမသတင်းစဉ်ကို နှစ်ပတ်တစ်ကြိမ်ထုတ်ပြန်သွားမှာဖြစ်ပါသည်။

## A Call for Volunteers

For employees who are looking to contribute to the community, we invite you to volunteer and offer a helping hand to essential businesses who need more manpower. If you are interested to participate in voluntary work and special projects, contact AskHR@yoma.com.mm now.

### စေတနာ့ဝန်ထမ်းများ အလိုရှိ

မဖြစ်မနေလည်ပတ်လုပ်ဆောင်နေရသည့် လုပ်ငန်းဌာနများတွင် ဝန်ထမ်းအင်အား လိုအပ်နေပါသဖြင့် လူ့အဖွဲ့အစည်းအတွက် ကူညီပံ့ပိုးလိုသူများအား ပါဝင်ကူညီပေးကြရန် ဖိတ်ခေါ်လိုက်ပါသည်။ လုပ်ငန်းဌာနများနှင့် အထူးစီမံကိန်းများတွင် စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ကူညီရန် စိတ်ဝင်စားပါက AskHR@yoma.com.mm ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။




## Free Consultations Starts Today




We try to find different ways to help with your mental health. From this Friday onwards, we will be hosting a free group consultation session facilitated by a mental health professional, Dr. Anila Paul. Everyone is welcome to join. Each session lasts 90 mins and will have a maximum capacity of 10 people. Registrations are on a first-come-first-serve basis. Register here how.

### အခမဲ့အကြံပေး တိုင်ပင်ဆွေးနွေးခြင်းအစီအစဉ် ယနေ့တွင်စတင်

ဝန်ထမ်းများ၏ စိတ်ကျန်းမာရေးအတွက် နည်းမျိုးစုံဖြင့် ကူညီပေးနိုင်ရန် ကြိုးစားလျက်ရှိပါသည်။ စိတ်ကျန်းမာရေးပညာရှင် ဒေါက်တာ Anila Paul မှ အုပ်စုလိုက်တွေ့ဆုံ၍ အခမဲ့တိုင်ပင်ဆွေးနွေးနိုင်မည့် အစီအစဉ်ကို ယခုအပတ် သောကြာနေ့မှစတင်၍ အပတ်စဉ်သောကြာနေ့တိုင်း ပြုလုပ်သွားမှာဖြစ်ပါသည်။ မိနစ် ၉၀ ကြာသည့် အစီအစဉ်ကိုအများဆုံး ၁၀ ယောက်အထိသာ တက်ရောက်ခွင့်ရှိပြီး မည်သူမဆို စာရင်းပေးတက်ရောက်နိုင်ပါသည်။ စာရင်းပေးသွင်းခြင်းကို ဦးရာလူစနစ်ဖြင့် လက်ခံသွားပါမည်။

ဤလင့်ခ်တွင် စာရင်းပေးသွင်းနိုင်ပါသည်။

## Webinar Recap: Coexist with Covid

Earlier this week, who our healthcare professionals, Dr. Gershu Paul, CEO of Pun Hlaing Hospital and Dr. Sandy, COO of Pun Hlaing Hospital, hosted a webinar on COVID-19 from a global and nationwide perspective and how we can coexist with it. Click here to watch a recap.

### Coexist with Covid ထုတ်လွှင့်မှုအစီအစဉ်

ယခုအပတ်အစောပိုင်းတွင် ကျန်းမာရေးပညာရှင်များဖြစ်ကြသော ပန်းလှိုင်ဆေးရုံ၏ CEO ဖြစ်သူ Dr. Gershu Paul နှင့် COO ဖြစ်သူ Dr. Sandy တို့မှ ကမ္ဘာအနှံ့နှင့် မြန်မာနိုင်ငံရှိ COVID-19 အခြေအနေနှင့် COVID-19 နှင့်အတူရှေ့ဆက် မည်သို့ဆက်လက်ရပ်တည်သွားနိုင်မည့် အကြောင်းများကို Workplace တွင် တိုက်ရိုက်ထုတ်လွှင့် ပြသသွားပါသည်။ ဤလင့်ခ်တွင် ပြန်လည် ကြည့်ရှုနိုင်ပါသည်။


## HR ANNOUNCEMENTS

## Free Data is Available for Claim

Data reimbursement of 15,000 kyats per month are available for all WFH employees to claim. The online reimbursement claim form is available for all GSS employees. For other Yoma employees, please claim with your entity HR and finance team. Email AskHR for more details.

## မိုဘိုင်းဒေတာ သုံးစွဲမှုများအတွက် ပြန်လည်တောင်းခံနိုင်

နေအိမ်မှာနေ၍ အလုပ်လုပ်နေရသည့် ဝန်ထမ်းအားလုံး မိုဘိုင်းဒေတာ အသုံးပြုမှုအတွက် တစ်လလျှင် ကျပ်ငွေ ၁၅,၀၀၀ အထိ ပြန်လည်တောင်းခံနိုင်ပါသည်။ GSS ဝန်ထမ်းများအတွက် လျှောက်လွှာဖောင်ကို အွန်လိုင်းမှရရှိနိုင်ပြီး အခြားရုံးမဝန်ထမ်းများအနေဖြင့် မိမိလုပ်ငန်းဌာန၏ HR နှင့် ဘဏ္ဍာရေးအဖွဲ့မှ ပြန်လည်တောင်းခံနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက AskHR ထံ အီးမေးလ်ပို့ မေးမြန်းနိုင်ပါသည်။






## We want to reach out to you.


During WFH mode, the best way for us to reach out to you is via Yoma Connect. Make sure your notifications are turned on to get the latest HR announcements and news. For any enquires regarding log in or navigation, email askHR for more details.

## Transfer from Wave to Yoma Bank Made Easy

Good news for employees who may wish to transfer your Wave salary payment in to Yoma Bank and vice versa. You can now instantly link your Yoma SMART account with WavePay through the WavePay app without needing to go to the bank. Transfer, cash-out and do payments on your phone and get instant access to all new features of the WavePay app including the 65,000 Wave Money Shops' Network. Save your time and energy.Click here for video or learn more.


## Wave အကောင့်မှ ရိုးမဘဏ်အကောင့်သို့ လွယ်ကူစွာငွေလွှဲနိုင်

Wave အကောင့်သို့ ရောက်ရှိလာသည့် လစာကို ရိုးမဘဏ်အကောင့်သို့ (သို့) ရိုးမဘဏ်မှ Wave အကောင့်သို့ လွှဲပြောင်းလိုသည့် ဝန်ထမ်းများအတွက် သတင်းကောင်း တစ်ခုရှိပါသည်။ ရိုးမ SMART အကောင့်နှင့် WavePay အကောင့်ကို ဘဏ်သို့ သွားရန်မလိုဘဲ WavePay အက်ပလီကေးရှင်းမှတစ်ဆင့် တိုက်ရိုက်ချိတ်ဆက် နိုင်ပြီဖြစ်ပါသည်။ နိုင်ငံအနှံ့ရှိ Wave Money ဆိုင်ခွဲပေါင်း ၆၅,၀၀၀ နှင့် WavePay အက်ပလီကေးရှင်းမှ လုပ်ဆောင်ချက်များကို အသုံးပြု၍ ငွေထုတ်၊ ငွေလွှဲနှင့် ငွေပေးချေမှုများကို အချိန်ကုန် လူပင်ပန်းမှုမရှိဘဲ မိမိ၏ မိုဘိုင်းဖုန်းမှတစ်ဆင့် လုပ်ဆောင်နိုင်မှာဖြစ်ပါသည်။ လုပ်ဆောင်နိုင်ပုံများကို ဤဗီဒီယိုတွင် ဝင်ရောက်လေ့လာနိုင်ပါသည်




## ဝန်ထမ်းများနှင့် အမြဲချိတ်ဆက်မှုရှိလိုပါသည်

နေအိမ်မှာနေ၍ အလုပ်လုပ်နေသည့် ကာလအတွင်း ကျွန်ုပ်တို့အချင်းချင်း ချိတ်ဆက်မှုရှိနေစေရန် အကောင်းဆုံးနည်းလမ်းမှာ Yoma Connect ကို အသုံးပြုခြင်းဖြစ်ပါသည်။ HR မှ ပေးပို့သည့် နောက်ဆုံးထုတ်ပြန်ချက်နှင့် သတင်းများကို ရရှိနိုင်ရန် Notification များကိုဖွင့်ထားရပါမည်။ Yoma Connect သို့ဝင်ရောက်ရန်နှင့် အသုံးပြုပုံများအတွက် askHR ထံဆက်သွယ်၍အသေးစိတ် မေးမြန်းနိုင်ပါသည်။



PEOPLE2020


# Virtual Teatime with Melvyn

Virtual Teatime with Melvyn is a programme where employees can have a conversation with Melvyn, CEO of Yoma Group. Last week, Melvyn hosted teatimes with employees from various entities including Yoma Motors, The Campus, Yoma Mirco Power, Yoma Fleet, Yoma Heavy Equipment, Yoma F&B, Yoma Land and Memories Group. Find out some of the key Q&A questions shared by Melvyn here.

Teatime with Melvyn အွန်လိုင်းအစီအစဉ်တွင် ဝန်ထမ်းများသည် Yoma Group ၏ CEO ဖြစ်သူ Melvyn နှင့် ဆွေးနွေးပြောဆိုနိုင်ပါသည်။ ပြီးခဲ့သည့်အပတ်နှင့် ယခုအပတ်တွင် Melvyn မှ Yoma Motors၊ The Campus၊ Yoma Mirco Power၊ Yoma Fleet၊ Yoma Heavy Equipment၊ Yoma F&B၊ Yoma Land နှင့် Memories Group တို့ဖြင့် Teatime with Melvyn အွန်လိုင်းအစီအစဉ်ကို ပြုလုပ်ခဲ့ပါသည်။ အမေးအဖြေကဏ္ဍတွင် အမေးအများဆုံးဖြစ်သည့် မေးခွန်းများအား Melvyn မှ ပြန်လည်မျှဝေထားသည်ကို ဤလင့်ခ်တွင် ဖတ်ရှုနိုင်ပါသည်။

# Your Opinion Matters

OVERALL: How is your motivation these days?





At Yoma Group, employees are at the center of everything that we do. During this unprecedented time, we need to rethink and relearn how we can best support our employees, both WFH and frontline warriors. In the past week several surveys have been conducted and we have received thousands of responses from our employees.

87% of people are carrying the same or more workload as before the Lock down. 97% say that their managers are supportive and 99% say their teams are supportive. We would like to congratulate the dedication and resilience across the group. The results of these surveys are being used to help management make better decisions that impact everyone in a positive way. Thank you all employees who have participated in these surveys. We will continue to check-in with you via surveys.

Yoma Group တွင် ကျွန်ုပ်တို့လုပ်ဆောင်သမျှ အရာအားလုံးအတွက် ဝန်ထမ်းများမှာ အဓိကဖြစ်ပါသည်။ ယခုလို မသေချာ၊ မရေရာမှုများဖြင့် ကြုံတွေ့နေရချိန်တွင် ကျွန်ုပ်တို့၏ ရှေ့တန်းရှိဝန်ထမ်းများနှင့် နေအိမ်တွင်အလုပ်လုပ်နေသည့် ဝန်ထမ်းများအား အကောင်းဆုံး ကူညီထောက်ပံ့ပေးနိုင်ရန် အစဉ်ကြိုးစားလျက်ရှိပါသည်။ ပြီးခဲ့သည့်အပတ်တွင် စစ်တမ်းကောက်ယူမှုများပြုလုပ်ခဲ့ပြီး ထောင်ပေါင်းများစွာသော ဝန်ထမ်းများထံမှ ဖြေကြားမှုများကို ရရှိခဲ့ပါသည်။

၈၇% သော ဝန်ထမ်းများသည် နေအိမ်မှနေ၍ အလုပ်လုပ်နေချိန်တွင် ပုံမှန်အနေအထားထက် ပိုအလုပ်များသည်ဟု သိရပါသည်။ ၉၇% သော ဝန်ထမ်းများမှာ သူတို့၏ မန်နေဂျာများထံမှ လိုအပ်သည့် ကူညီထောက်ပံ့မှုများကိုရရှိပြီး ၉၉% သောဝန်ထမ်းများမှာ သူတို့၏ လုပ်ဖော်ကိုင်ဖက်များ၏ ကူညီအားပေးမှုကို ရရှိသည်ဟုလည်း သိရပါသည်။ လုပ်ငန်းစုတစ်ခုလုံးတွင် ထိုကဲ့သို့ ကောင်းမွန်စွာပြုမူလုပ်ဆောင်နေသည်များကို သိရသည့်အတွက် ကျွန်ုပ်တို့မှ ဂုဏ်ပြုလိုက်ပါသည်။ ထိုစစ်တမ်းများ၏ ရလဒ်များကိုအသုံးပြု၍ လူတိုင်းအတွက် ပိုမိုကောင်းမွန်သည့် ဆုံးဖြတ်ချက်များကို စီမံခန့်ခွဲရေးအဖွဲ့မှ ချမှတ်သွားမှာဖြစ်ပါသည်။ စစ်တမ်းများကို ဖြေဆိုပေးသည့်ဝန်ထမ်းများကို ကျေးဇူးတင်ရှိပြီး ဝန်ထမ်းများ၏ ထင်မြင်ချက်များကိုသိရှိနိုင်ရန် စစ်တမ်းများကို ဆက်လက်ပေးပို့သွားမှာ ဖြစ်ပါသည်။



# Leading the Yoma Way

With the success of the first 2 batches of Leading the Yoma Way, Batch 3's pre-session kicked off last week. For the first time ever, the programme takes place online. 33 trainees across the group will go through a 6-week intensive web-based session complete with its own project along with webinars and discussion series. The first phase covers Self-Awareness and Harrison's psychometrics by our CLO U Sai Woone Seng, Webinar Speech Masters by Dom Lejeune, and Research Methods by Vanessa Yin Mon Han. Many thanks to our lecturers and congratulations to all our trainees.

Leading the Yoma Way သင်တန်းကို နှစ်ကြိမ်တိတိ အောင်မြင်စွာလုပ်ဆောင်ခဲ့ပြီးနောက် သုံးကြိမ်မြောက်သင်တန်းကို ပြီးခဲ့သည့်အပတ်တွင် စတင်ခဲ့ပြီး ပထမဆုံးအကြိမ်အနေဖြင့် အွန်လိုင်းမှ ပြုလုပ်ခဲ့ပါသည်။ လုပ်ငန်းစုအတွင်းရှိ သင်တန်းသား ၃၃ ယောက်သည် ၆ ပတ်ကြာမြင့်မည့် အွန်လိုင်းပြောကြားမှုများနှင့် ဆွေးနွေးမှုများကို တက်ရောက်ပြီး ကိုယ်ပိုင်စီမံကိန်းများ ရေးဆွဲရမှာဖြစ်ပါသည်။ ပထမဆုံးသင်ကြားမှုအစီအစဉ်တွင် မိမိကိုယ်ကို သိရှိခြင်းနှင့် Harrison ၏ စိတ်ပညာအကြောင်းကို ကျွန်ုပ်တို့၏ CLO ဖြစ်သူ U Sai Woone Seng ၊ Webinar Speech Masters အကြောင်းကို Dom Lejeune နှင့် သုတေသနပြုလုပ်ခြင်းနည်းများအကြောင်းကို Vanessa Yin Mon Han တို့မှ သင်ကြားပေးခဲ့ပါသည်။ သင်ကြားပေးသွားသူများကို ကျေးဇူးတင်ရှိပြီး သင်တန်းသားများကိုလည်း ဂုဏ်ပြုလိုက်ပါသည်။

# Employee Social Media Policy

While we all are going digital and communicating online during WFH mode, a reminder to employees to be mindful of our Yoma Group's Social Media Policy. Please refer to the framework on the acceptable use of social media and practical advice to avoid issues that might arise due to careless use of social media in the workplace and private space.

Click here to read.

## ဝန်ထမ်းများအတွက် လူမှုကွန်ရက်မူဝါဒ

နေအိမ်မှာနေ၍ အလုပ်လုပ်နေချိန်ကာလတွင် ဒစ်ဂျစ်တယ်ပလက်ဖောင်းများဖြင့် အချင်းချင်း ဆက်သွယ်ချိတ်ဆက်မှုများ ပြုလုပ်နေသည့်အချိန်တွင် ဝန်ထမ်းများအနေဖြင့် Yoma Group မှ ချမှတ်ထားသော လူမှုကွန်ရက်မူဝါဒကို လိုက်နာကြရန် အသိပေးလိုပါသည်။ Workplace နှင့် ကိုယ်ပိုင်သုံး လူမှုကွန်ရက်များကို စနစ်တကျအသုံးပြု တတ်ရန်နှင့် မလိုလားအပ်သည့် ပြဿနာများမှ ရှောင်ကြဉ်နိုင်ရန် ချမှတ်ထားသည့် မူဝါဒ၊ အကြံပေးချက်များကို လက်စွဲပြုကျင့်သုံးရန် လိုအပ်ပါသည်။

ဤလင့်ခ်သို့ဝင်၍ လူမှုကွန်ရက်မူဝါဒကို ဖတ်ရှုနိုင်ပါသည်။

ENTITIES HIGHLIGHTS




| Medical Check-up Package < MALE > | Current Price(Ks) | Promotion Price(Ks) |
|---|---|---|
| Millennial | 130,000 | 81,000 |
| Gen X | 210,000 | 139,500 |
| Vintage | 260,000 | 159,000 |
| Whole Body Package | 300,000 | 198,000 |
| Comprehensive Package | 470,000 | 355,500 |

| Medical Check-up Package < FEMALE > | Current Price(Ks) | Promotion Price(Ks) |
|---|---|---|
| Millennial without USG Breast | 130,000 | 81,000 |
| Millennial with USG Breast | 150,000 | 100,500 |
| Gen X | 270,000 | 178,500 |
| Vintage | 450,000 | 340,500 |
| Whole Body Package | 490,000 | 370,500 |
| Comprehensive Package | 660,000 | 531,000 |

# 40% off Medical Checkup Gift cards

A great offer from Pun Hlaing Hospital if you are looking for Thadingyut presents for your loved ones. A variety of Medical Checkup packages are now up to 40% off this festive season. Gift cards will be delivered to your doorstop. Limited offer from October 1st to October 31st. Redeem anytime until June 2021.

For more information, contact 01 368 4433

## ၄၀% ဈေးလျှော့ထားသည့် ကျန်းမာရေးစစ်ဆေးမှု လက်ဆောင်ကဒ်များ

မိမိချစ်ရသူများအတွက် သီတင်းကျွတ်လက်ဆောင်ပေးလိုပါက ပန်းလှိုင်ဆေးရုံတွင် အထူးတန်သော အစီအစဉ်တစ်ခုရှိပါသည်။ ကျန်းမာရေးစစ်ဆေးမှုအမျိုးမျိုးကို သီတင်းကျွတ်အခါသမယတွင် ၄၀% လျှော့ဈေးဖြင့် ရရှိနိုင်မှာဖြစ်ပါသည်။ ကျန်းမာရေးစစ်ဆေးမှု လက်ဆောင်ကဒ်များကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးသွားမှာလည်း ဖြစ်ပါသည်။ အောက်တိုဘာလ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိသာ လျှော့ဈေးဖြင့် ဝယ်ယူနိုင်မှာဖြစ်ပြီး ၂၀၂၁ ခုနှစ်၊ ဇွန်လ အထိကို အချိန်မရွေး အသုံးပြုနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက ၀၁ ၃၆၈ ၄၄၃၃ ထံ ဆက်သွယ်နိုင်ပါသည်။

# Congratulations to Wave's New Partnership

We would like to congratulate Wave Money in joining forces with Myanmar Cybersecurity Month 2020 as their official partner. Myanmar Cybersecurity Month (MCM) is a month-long, nationwide event that coincides with other international month-long cyber security awareness campaigns around the world every October. Inspired by Wave's vision of "Creating a Faire Future for Myanmar", they will be bringing different webinars, online discussion and media trainings throughout the month of October on topics such as Digital Literacy, Cyber Security, Financial Security, etc. Stay tuned and tune in.

## Wave ၏ မိတ်ဖက်မှုအတွက် အထူးဂုဏ်ပြု

မြန်မာဆိုက်ဘာလုံခြုံရေးလ 2020 နှင့် တရားဝင်မိတ်ဖက်လိုက်သည့် Wave Money ကို ဂုဏ်ပြုလိုက်ပါသည်။ ကမ္ဘာအနှံ့တွင် နှစ်စဉ် အောက်တိုဘာလတိုင်း တစ်လကြာ ပြုလုပ်သည့် နိုင်ငံတကာ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေး လှုပ်ရှားမှုများနှင့် တိုက်ဆိုင်စွာပြုလုပ်သည့် မြန်မာဆိုက်ဘာလုံခြုံရေးလ (MCM) ကို နိုင်ငံအနှံ့တွင် တစ်လကြာ ပြုလုပ်သွားမှာဖြစ်ပါသည်။ Wave Money ၏ "ပိုမိုကောင်းမွန်သော မြန်မာနိုင်ငံ၏ အနာဂတ်သစ်ဖန်တီးရန်" ဆိုသော ရည်မှန်းချက်နှင့်အညီ Wave Money မှ ကျွမ်းကျင်ပညာရှင်များစွာကို ဖိတ်ခေါ်ပြီး ဒီဂျစ်တယ် တတ်မြောက်မှု၊ ဆိုက်ဘာလုံခြုံမှု၊ ငွေကြေးဆိုင်ရာ လုံခြုံမှုဆိုင်ရာ webinar များ၊ အွန်လိုင်းဆွေးနွေးပွဲများ၊ မီဒီယာ လေ့ကျင့်သင်ကြားမှုများကို အောက်တိုဘာလ တစ်လလုံး ပြုလုပ်သွားမှာဖြစ်ပါသည်။

